ISSUE, OCTOBER 2019

# Myanmar Garment Manufacturers Association

# NEWSLETTER






## BELT AND ROAD TEXTILE CONFERENCE 2019


ဤ Conference ကို ၂၀၁၉ခုနှစ် အောက်တိုဘာလ၊ ၁၇ ရက်၊ တရုတ်နိုင်ငံ၊ ဂျွန်းစုခရိုင်၊ ရှမ်းဂျေမြို့တွင် ကျင်းပခဲ့သည်။ Belt and Road Textile Conference 2019 သည် အပြည်ပြည်ဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး China National Textile and Apparel Council (CNTAC) and The Sub-committee of Textile Industry, China Council for The Promotion of The International Trade (CCPIT TEX) တို့မှ ပူးပေါင်း ကျင်းပခဲ့ပါသည်။

စာမျက်နှာ - ၄

## BELT AND ROAD TEXTILE CONFERENCE 2019

အရှေ့တောင်အာရှဒေသတွင် ချည်မျှင်နှင့် အဝတ်အထည် လုပ်ငန်းများ အောင်မြင်စေရန်နှင့် တိုးတက်မှု သေချာစေရန် စက်မှုလုပ်ငန်း ကွင်းဆက် သက်ဆိုင်သူများ အတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် ဖြစ်သည်။

စာမျက်နှာ - ၃



# ခေါင်းစဉ်များ                                                         စာမျက်နှာ


| | |
|---|---|
| Human Resources (HR) Level – 1 သင်တန်း ကျင်းပခဲ့ | ၁ |
| Business Women at Work အခမ်းအနားသို့ MGMA ကိုယ်စားလှယ် ဦးထွန်းထွန်း တက်ရောက်ခဲ့ | ၁ |
| အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာ အဆင့်မြင့် ဆွေးနွေးပွဲသို့ MGMAမှ ဝန်ထမ်းများ တက်ရောက်ခြင်း | ၂ |
| အထည်အလိပ်နှင့် အဝတ်အထည် အရှေ့တောင်အာရှ ထိပ်သီးညီလာခံ ၂၀၁၉ | ၃ |
| Belt and Road Textile Conference 2019 | ၄ |
| မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ် ထိပ်သီး ညီလာခံ ၂၀၁၉ ကျင်းပြ | ၅–၆ |
| အလုပ်ချိန် | ၆–၇ |

# Activity

## Human Resources (HR) Level – 1 သင်တန်း ကျင်းပခဲ့

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) မှ ဦးစီးကာ လူ့စွမ်းအား အရင်းအမြစ်များ ကို စက်ရုံများတွင် လက်တွေ့ကျကျ စီမံခန့်ခွဲနည်း (Human Resources (HR) Level – 1) သင်တန်းများကို သင်ကြား ပြသနိုင်ရေးအတွက် SMART Myanmar နှင့် အတူ လက်တွဲကာ ၃ ရက်တာ ဆရာအတက်သင် သင်တန်းကို အောက်တိုဘာလတွင် အင်းစိန်မြို့ရှိ အစိုးရ စက်မှုလက်မှုတက္ကသိုလ် (GIT)၊ ဒက္ခိဏ ကျောင်းဆောင် ပထမအထပ် တွင် ပြုလုပ်သင်ကြားခဲ့ပါသည်။ အဆိုပါ သင်တန်းကို MGMA နည်းပြများမှ လာမည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၂၊ ၁၃ နှင့် ၁၄ ရက်နေ့များ တွင် စတင်ကာ သင်ကြားပို့ချပေးသွားမည် ဖြစ်ပါသည်။



Photo 1 Trainers from SMART Myanmar and trainees from MGMA and MGHRDC



Photo 2 Evaluation session from one of trainees

## Business Women at Work အခမ်းအနားသို့ MGMA ကိုယ်စားလှယ် တက်ရောက်ခဲ့





CEC U Tun Tun presenting about MGMA at Business Women at Work event

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ကိုယ်စားလှယ်အဖြစ် ဦးထွန်းထွန်း သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၊ ၂၀၁၉ခုနှစ် အောက်တိုဘာလ ၁၇ရက်နေ့မှ ၁၈ရက်နေ့ တွင်ပြုလုပ်သော Business Women at Work အခမ်းအနားကို တက်ရောက်ခဲ့ပါသည်။ ပါဝင်တက်ရောက်လာသူများသည် လုပ်ငန်းခွင် အတွင်း လိင်ပိုင်းဆိုင်ရာ အနှောက်ယှက်ခံရသော အမျိုးသမီးများနှင့် ပတ်သက်သော သိသာ ထင်ရှားသော ဖြေရှင်းမှုနည်းများကို ရှာဖွေဖော်ထုတ်ရန် အကြောင်းများကို တက်ကြွစွာ ဆွေးနွေးခဲ့ကြပါသည်။

ဤအခမ်းအနားကို CARE Australia နှင့် Better Factories Cambodia တို့မှ စီစဉ်ခြင်းဖြစ်ပါသည်။

နှစ်ရက်တာ အခမ်းအနားတွင် နိုင်ငံအသီးသီးမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု ကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်း အတွက် အဓိကပြဿနာများနှင့် အထွေထွေ ဖြေရှင်းနည်းများ ကိုအတူတကွ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံအသီးသီးကလည်း မိမိတို့၏ ဒေသအတွင်းနှင့် နိုင်ငံတကာ အမြင်များကို တင်ပြ ဆွေးနွေးခဲ့ကြသည်။




CEC U Tun Tun discussing about Women in Business

# အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာ အဆင့်မြင့် ဆွေးနွေးပွဲသို့ MGMAမှ တက်ရောက်ခြင်း

ဦးဇော်ယုမြတ် (ညွှန်ကြားရေးမှူး၊ MGHRDC)၊ ဒေါ်နန်းဖြိုးပြည့်ဇင် (Junior Project Manager)နှင့် ဒေါ်စုမြတ်ထွန်း (Instructor, Ministry of Education) တို့သည် တရုတ်နိုင်ငံ၊ ရှန်ဟိုင်း တွင်ပြုလုပ်သော Advanced Seminar on Promotion of Development Capability in Textile & Garment Industry for Lancang-Mekong Countries 2019 သင်တန်း အစီအစဉ် ကို ၂၀၁၉ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၇ ရက်နေ့ အထိ ပါဝင် တက်ရောက်ခဲ့ကြပါသည်။ ဤသင်တန်းသည် Lancang-Mekong ဒေသအတွင်း ချည်မျှင်နှင့် အထည်လုပ်ငန်းနယ်ပယ်တို့တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဖြစ်ပြီး တရုတ်အစိုးရ၏ ပံ့ပိုးမှုဖြင့် CCPIT TEX နှင့် CNTAC တို့သည် အဆင့်မြင့် နှီးနှောဖလှယ်ပွဲကို စီစဉ်ရန်စီစဉ်ခဲ့ကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲသည် ထိုဒေသအတွင်းရှိ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၏ အတွေ့အကြုံ မျှဝေခြင်းအပေါ် အဓိကထား ဆွေးနွေးခဲ့ပါသည်။ ထိုဒေသအတွင်းတွင် ၆ နိုင်ငံ ကိုယ်စားလှည်များအတွက် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းများ အပေါ် ဆွေးနွေးမှုများနှင့် အတွေးအခေါ်များ အပြန်အလှန် နှီးနှောရန်အတွက် လမ်းမကြီးသဖွယ် အဖြစ်လည်း ဆောင်ရွက် ပေးခဲ့ပါသည်။




Group photos of International delegates attending Advance Seminar on Promotion of Development Capacity in Textile and Garment

# News

## အထည်အလိပ်နှင့် အဝတ်အထည် အရှေ့တောင်အာရှ ထိပ်သီးညီလာခံ ၂၀၁၉ ကျင်းပခဲ့

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ကိုယ်စားလှယ်အဖြစ် ဦးထွန်းထွန်း သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၉ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့မှ ၂၉ရက်နေ့ အထိ တွင်ပြုလုပ်သော အထည်အလိပ်နှင့် အဝတ်အထည် အရှေ့တောင်အာရှ ထိပ်သီးညီလာခံ ၂၀၁၉ အခမ်းအနားကို တက်ရောက်ခဲ့ပါသည်။ အခမ်းအနား၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသတွင် ချည်မျှင်နှင့် အဝတ်အထည်လုပ်ငန်းများ အောင်မြင်စေရန်နှင့် တိုးတက်မှု သေချာစေရန် စက်မှုလုပ်ငန်း ကွင်းဆက် သက်ဆိုင်သူများ အတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် ဖြစ်သည်။ စက်မှုလုပ်ငန်း အဆင့်မြှင့်တင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ရန် အတွက် အလေ့အကျင့်ကောင်းများ မျှဝေခြင်းနှင့် အတူ နောက်ဆုံးပေါ် အခွင့်အလမ်းနှင့် ခေတ်ရေစီးကြောင်းတို့ကို ရရှိခဲ့သည်။ သက်ဆိုင်ရာ အဆင့်မြင့်ခေါင်းဆောင်များသည် မူဝါဒ၊ ဈေးကွက်လက်လှမ်းမီမှု၊ အရင်းအမြစ်ရှာဖွေရေးမဟာဗျူဟာ၊ ပြည်တွင်း စက်ရုံများ၊ အလုပ်သမားများ၊ ထုတ်လုပ်မှု၊ ထောက်ပံ့ရေးကွင်းဆက်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်စမ်းသပ်ခြင်း တို့၏အဓိကအကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။




CEC U Tun Tun delivering about the Myanmar garment and textile

## Belt and Road Textile Conference 2019 ကျင်းပ




MGMA General Secretary, CEC, MGHRDC Director, MGMA Staffs were attending the BRTC 2019

Belt and Road Textile Conference 2019 ကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA)မှ ဦးမြင့်စိုး (ဥက္ကဌ), ဒေါ်ခိုင်ခိုင်နွယ် (အထွေထွေအတွင်းရေးမှူး)နှင့် ဦးအောင်မျိုးဟိန်း (ဗဟိုအလုပ်အမှုဆောင်) တို့တက်ရောက်ခဲ့ကြပါသည်။ ဤ Conference ကို ၂၀၁၉ခုနှစ် အောက်တိုဘာလ၊ ၁၇ ရက်၊ တရုတ်နိုင်ငံ၊ ဂွမ်းစုခရိုင်၊ ရှမ်းဂျေမြို့တွင် ကျင်းပခဲ့သည်။ Belt and Road Textile Conference 2019 သည် အပြည်ပြည်ဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး China National Textile and Apparel Council (CNTAC) and The Sub-committee of Textile Industry, China Council for The Promotion of The International Trade (CCPIT TEX) တို့မှ ပူးပေါင်း ကျင်းပခဲ့ပါသည်။ ဤ Conference သည် ၄ ကြိမ်မြောက် ဖြစ်ပြီး တရုတ်ပြည်တွင်း၊ ပြည်ပရှိ ချည်မျှင်နှင့်အထည်လုပ်ငန်းများမှ တက်ရောက်လာကြသူများသည် ကုန်သွယ်ရေးနှင့် ရင်းနှင်းမြှုပ်နှံမှု နယ်ပယ်ရှိ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများကို အတူတကွ ဝေမျှရင်း ပါဝင် ခဲ့ကြပါသည်။ “Textile Together – A community Shared Future this year” ဆောင်ပုဒ်နှင့်အညီ အဆိုပါ Conference မှ Belt and Road Initiative အဆိုအောက်တွင် တက်ရောက် ပါဝင်ခဲ့ကြသူများ အားလုံးအတွက် အနာဂတ် ဖွံ့ဖြိုးမှု အတွေးအခေါ်များနှင့် ချဉ်မျှင်နှင့် အထည်ချုပ် စက်ရုံတွင် နှစ်ဦးနှစ်ဘက် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းအခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်သော Platform တစ်ခုကိုဖော်ဆောင် နိုင်ခဲ့ပါသည်။

## မြန်မာနိုင်ငံ ချည်မျှဉ်နှင့် အထည်အလိပ် ထိပ်သီး ညီလာခံ ၂၀၁၉ ကျင်းပခဲ့



Daw Khine Khine Nwe (General Secretary of MGMA) presenting her power point

၃ ကြိမ်မြောက် မြန်မာနိုင်ငံ ချည်မျှဉ်နှင့် အထည်အလိပ် ထိပ်သီး ညီလာခံ ၂၀၁၉ ကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA)နှင့် ECV အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (တရုတ်) တို့မှ အောင်မြင်စွာ ပြုလုပ်ဦးစီး ကျင်းပနိုင်ခဲ့ပါသည်။ ထိပ်သီး ညီလာခံသည် နှစ်ရက်တာ ညီလာခံဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ Sedona Hotel, Grand Ballroom ခန်းမတွင်ပြုလုပ်ခဲ့ပါသည်။ ဤညီလာခံတွင် မတူညီသော အဖွဲ့အစည်းများမှ အမျိုးမျိုးသော ခေါင်းစဉ်များကို ဝေမျှခြင်းနှင့် ဆွေးနွေးခြင်းများ ကို ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ အထွေထွေအတွင်းရေးမှူး ဖြစ်သော ဒေါ်ခိုင်ခိုင်နွယ် မှ “2019 Myanmar Textile and Apparel Market: Trends, Analysis & Statistics” ခေါင်းစဉ်ကို တင်ပြ ဆွေးနွေးခဲ့ပါသည်။




MGMA's CEC, EC and Managing Director participating the Summit (group photo)

# Legal

## အလုပ်ချိန်

၁၉၅၂ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ ပုဒ်မ ၅၉ အရ ရက်သတ္တပတ် သတ်မှတ်အလုပ်ချိန်သည် ၄၄ နာရီ (အဆက်မပြတ်လုပ်ရသည့် အလုပ်အတွက် ၄၈ နာရီ) ဖြစ်သည်။ အထည်ချုပ်စက်ရုံများသည် အဆက်မပြတ်လုပ်ရသည့် လုပ်ငန်းမဟုတ်သဖြင့် ရက်သတ္တတစ်ပတ်လျှင် ၄၄ နာရီသာ လုပ်နိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်သည်။ ထို့ အပြင် ပုဒ်မ ၆၂ အရ တစ်ရက်သတ်မှတ် အလုပ်ချိန်သည် ၈ နာရီဖြစ်သည်။

ထို့ကြောင့် ပုဒ်မ ၅၉ နှင့် ၆၂ တို့၏ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်ချိန်သတ်မှတ်မည်ဆိုလျှင် တစ်ရက်လျှင် အလုပ်ချိန် ၈ နာရီထက်မပိုစေဘဲ ရက်သတ္တတစ်ပတ်လျှင် အလုပ်ချိန် ၄၄ နာရီအထိ သတ်မှတ်ရမည်ဖြစ်သည်။ ၎င်းပြဋ္ဌာန်းချက်များအတိုင်း ရက်သတ္တပတ်အလုပ်ချိန်ကို အမျိုးမျိုး စီမံနိုင်သည်။ ဥပမာ –

| | Mon | Tue | Wed | Thu | Fri | Sat | Sun | Total |
|---|---|---|---|---|---|---|---|---|
| 1 | 8 Hours | 8 Hours | 8 Hours | 8 Hours | 8 Hours | 4 Hours | Holiday | 44 Hours |
| 2 | 7 Hours 20 Minutes | 7 Hours 20 Minutes | 7 Hours 20 Minutes | 7 Hours 20 Minutes | 7 Hours 20 Minutes | 7 Hours 20 Minutes | Holiday | 44 Hours |
| 3 | 7 Hours 30 Minutes | 7 Hours 30 Minutes | 7 Hours 30 Minutes | 7 Hours 30 Minutes | 7 Hours | 7 Hours | Holiday | 44 Hours |
| 4 | 7 Hours 45 Minutes | 7 Hours 45 Minutes | 7 Hours 45 Minutes | 7 Hours 45 Minutes | 7 Hours 30 Minutes | 7 Hours 30 Minutes | Holiday | 44 Hours |
| 5 | 7 Hours | 7 Hours | 7 Hours | 7 Hours | 8 Hours | 8 Hours | Holiday | 44 Hours |
| 6 | 8 Hours | 8 Hours | 7 Hours | 7 Hours | 7 Hours | 7 Hours | Holiday | 44 Hours |

ဟူ၍ အမျိုးမျိုး သတ်မှတ်နိုင်သည်။ သို့သော် ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန် ၄၄ နာရီ ဖြစ်လျှင်ပြီးရော ဆိုသည့် သဘောဖြစ် တစ်ရက်သတ်မှတ်အလုပ်ချိန်ကို ၈ နာရီထက်ကျော်၍ သတ်မှတ်မည်ဆိုလျှင် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ ပုဒ်မ ၆၂၏ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်မည် ဖြစ်သည်။ ဥပမာ –

| | Mon | Tue | Wed | Thu | Fri | Sat | Sun | Total |
|---|---|---|---|---|---|---|---|---|
| 1 | 9 Hours | 9 Hours | 9 Hours | 9 Hours | 8 Hours | Holiday | Holiday | 44 Hours |

ဟု သတ်မှတ်ခြင်းသည် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ ဥပဒေ ပုဒ်မ ၅၉နှင့် ကိုက်ညီသော်လည်း ပုဒ်မ ၆၂နှင့် ကိုက်ညီမှုမရှိပါ။ စနေနှင့် တနင်္ဂနွေ ၂ ရက်ကို အားလပ်ရက်အဖြစ် နားချင်ကြသော အလုပ်သမားများ၏ တောင်းဆိုမှုကြောင့် အလုပ်ချိန်များကို ယင်းကဲ့သို့သတ်မှတ်ပေးခြင်းသည် အလုပ်ရှင်၏ သဘောရိုးဖြင့် လိုက်လောမှုဖြစ်နိုင်သည့်အပြင် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ ဥပဒေ ပုဒ်မ ၆၂** နှင့်လည်း ကိုက်ညီမှုရှိအောင် စီမံနိုင်သည့် အတိုင်းအတာဖြစ်သည်။ သို့သော် ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်သည် ၄၄ နာရီ ဖြစ်စေကာမူ ပုဒ်မ ၇၃ အရ တစ်ရက်သတ်မှတ်အလုပ်ချိန် ၈ နာရီထက် ကျော်နေသော နာရီများအတွက် အချိန်ပိုကြေးပေးရမည်သာဖြစ်သည်။

** = အနည်းဆုံးမိနစ် ၃၀ အနားမပေးဘဲ တဆက်တည်း ၅ နာရီထက်ပိုမခိုင်းရ။

## UPCOMING ACTIVITIES

**Training**

| Sr. | Title | Date | Place |
|---|---|---|---|
| 1. | Occupational Safety & Health | 14th Dec 2019, 1:30PM to 4:30PM | 1st Floor, Dakkhina Building, Insein GTI Compound. |
| 2. | Preparing for Audit | 21st Dec 2019, 1:30PM to 4:30PM | |

## NEW MEMBERS IN OCTOBER 2019

| Number of New Factories in October 2019 | |
|---|---|
| **Country** | **No. of Factories** |
| China | 4 |
| Korea | 0 |
| Myanmar | 0 |
| **TOTAL** | **4** |

## MEMBERSHIP UPDATE AS OF 2019-10-31

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 88 |
| | Chinese | 250 |
| | Korea | 66 |
| | Japan | 20 |
| | Others | 137 |
| Inactive | All | (96) |
| **TOTAL (Active)** | | **560** |

## Sponsors to MGMA's 6th Factory Award Dinner 2019

**MTG** The 8th Myanmar Int'l **Textile & Garment** Industry Exhibition

Concurrent with: MitaTex, Myanmar TEXPRINT

# 1–4 November 2019

Yangon Convention Center,YCC ( Inya lake hotel compound )

**Leading trade shows tailored for Textile & Garment Industry in ASEAN**

The 8th Myanmar International Textile & Garment Industry Exhibition (MTG) concurrent with Myanmar International Textile & Apparel Accessories Exhibition (MitaTex) and Myanmar Int'l Textile Printing Industry Exhibition (Myanmar TEXPRINT) were held from Nov. 1st – 4th at Yangon Convention Center (YCC).

Yorkers has been a leader in organizing exhibitions & trade fairs in ASEAN and South Asia over three decades. Textile & Garment industry event is the most successful industry event we have set up, Textile & Garment-flagship has spread all over the several important manufacturing markets, listed as DTG in Dhaka, Bangladesh, CTG in Phnom Penh, Cambodia, MTG in Yangon, Myanmar, TTG in Taipei, Taiwan and VTG in Ho Chi Minh City, Vietnam.

These exhibitions are not only the leading access for new machineries, equipment and technologies but also the most important tradeshow platform for the local market. That's why we have a strong relationship with international manufacturers who trust us as the best platform to enter the new market.

With great support from the global exhibitors, we are proud to report that there were 135 internationally renowned brands from 13 countries chose MTG, MITATEX and Myanmar TEXPRINT 2019 to be the gateway to join this emerging market.

MTG 2020 will be held from 28-31 August.
We are looking forward to meeting you in MTG 2020.




www.chanchao.com.tw/MTG

# TRADE FINANCE

AYA Bank
Your Trusted Partner

## What are AYA Trade Finance services?

### Supply Chain Financing

- Account Receivable Financing
- Account Payable Financing

### Import Financing

- LC Margin Financing
- Trust Receipt

### Export Financing

- Pre-shipment Financing
- Post-shipment Financing



01 - 231 7777 ayabank.com ayabank

လုပ်ငန်းရှင်ကြီးမင်းတို့၏ ကုန်သွယ်ရောင်းဝယ်မှု တွင် Cash Flows လည်ပတ်မှု
အဆင်ပြေလွယ်ကူစေရန် **AYA Bank** မှ **Trade Finance** ဝန်ဆောင်မှုများပေးနေပါပြီ။

**Sponsors to MGMA's 6th Factory Award Dinner 2019**




KOREA GARMENT ASSOCIATION IN MYANMAR

Luther.

Legal Advice. Tax Advice. Corporate Services.

PHEE GROUP

"Sparking Possibilities"

50 YEARS

EXCELLENCE. SIMPLY DELIVERED.

DHL